# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ၏ (၁၄) ကြိမ်မြောက်ညီလာခံသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် တက်ရောက်မိန့်ခွန်းပြောကြား (၄-၁၁-၂၀၂၅ ရက်၊ ဗီယင်နာ)

သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့်အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်းသည် ၄-၁၁-၂၀၂၅ ရက်တွင် ဗီယင်နာ အပြည်ပြည်ဆိုင်ရာစင်တာ၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ (IACA) အဖွဲ့ဝင်နိုင်ငံများ၏ (၁၄) ကြိမ်မြောက် ညီလာခံသို့တက်ရောက်ခဲ့ပြီး၊ အထွေထွေမူဝါဒရေးရာမိန့်ခွန်းပြောကြားမှုကဏ္ဍတွင် မိန့်ခွန်းပြောကြားခဲ့ပါသည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် IACA ကပေးအပ်နေသည့် သင်တန်းများ၊ သုတေသနနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာလုပ်ငန်းများအပေါ် အပြည့်အဝထောက်ခံကြောင်း၊ မည်သည့်နိုင်ငံမျှ နောက်ကျမကျန်ရစ်စေရေးအတွက် ပညာသင်ဆုများနှင့် သင်တန်းကြေးသက်သာသည့် အစီအစဉ်များပေးအပ်နိုင်ရန် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုရှိရေး၊ ပွင့်လင်းမြင်သာရေးနှင့် တာဝန်ခံမှုရှိရေးတို့အတွက် အဂတိတိုက်ဖျက်ရေးမဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံချက်ကို ၂၀၂၆-၂၀၃၀ ကာလအထိ သက်တမ်းတိုး ဆောင်ရွက်သွားရန်စီစဉ်ထားကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆွေးနွေးရာတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ နိုင်ငံတစ်ဝှမ်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲများ ကျင်းပခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရာတွင် မိတ်ဖက်နိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများ (MoU) လက်မှတ်ရေးထိုးဆောင်ရွက်နေမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ကမ္ဘာလုံးဆိုင်ရာကွန်ရက် (GlobE Network) အဖွဲ့ဝင်အဖြစ် ၂၀၂၅ ခုနှစ်တွင်ပါဝင်မှု၊ ကုလသမဂ္ဂ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) ဆိုင်ရာ အစည်းအဝေးများတွင် တက်ကြွစွာ ပါဝင်တက်ရောက်နေမှုနှင့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) နှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံက လာမည့် ၂၀၂၆ ခုနှစ်တွင် ASEAN-PAC၏ အကြီးအမှူးများအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန်ရှိမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

## Permanent Representative attends the 14th IACA Assembly and delivers Statement (4 November 2025, Vienna)

Ambassador U Min Thein, Permanent Representative of Myanmar to the United Nations and other International Organizations in Vienna, Austria, attended the 14th session of the Assembly of Parties of the International Anti-Corruption Academy (IACA) at the Vienna International Centre on 4 November 2025 and delivered a statement during the General Discussion.

The Permanent Representative reaffirmed Myanmar's strong support for IACA's work in training, research, and capacity-building for developing and least developed countries (LDCs), emphasizing the importance of scholarships and affordable programmes to ensure that no country is left behind. He highlighted Myanmar's efforts to combat corruption and promote integrity, transparency, and accountability through the implementation of the Anti-Corruption Strategic Plan (2022–2025), with plans to extend it to 2026–2030.

He further elaborated that the Anti-Corruption Commission of Myanmar has established Corruption Prevention Units, conducted nationwide anti-corruption awareness campaigns, and strengthened international cooperation through Memoranda of Understanding with partner countries. He also informed the Assembly that Myanmar joined the Global Operational Network of Anti-Corruption Law Enforcement Authorities (GlobE Network) in 2025, continues active participation in meetings related to the United Nations Convention against Corruption(UNCAC), remains engaged with ASEAN Parties against Corruption (ASEAN-PAC), and will host the next ASEAN-PAC Principals Meeting in 2026.

*******************************


MYANMAR



